Tel: +66 (0) 97 981 8454, Email: info@ehssg.org, Website: www.ehssg.org

# တိုင်းရင်းသား ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာရေး အဖွဲ့

## (Ethnic Health Systems Strengthening Group)

## တတိယအကြိမ် အထွေထွေအစည်းအဝေးကြီး ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ (၇) ရက်နေ့။

တိုင်းရင်းသား ပြည်သူလူထုများ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ တန်းတူညီမျှ ရရှိခံစားနိုင်ရန် အတွက် မြန်မာနိုင်ငံရှိ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများနှင့် လူထုအခြေပြု တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများ စုစည်းကာ အောက်ပါရည်မှန်းချက်များ ပြည့်မီရေးအတွက် တိုင်းရင်းသား ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာရေးအဖွဲ့ (Ethnic Health Systems Strengthening Group) ကို (၂၀၁၅) ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၃) ရက် နေ့တွင် ထိုင်း-မြန်မာ နယ်စပ်တစ်နေရာ၌ စတင်ဖွဲ့စည်းခဲ့သည်။ ရည်မှန်းချက်များမှာ -

- မြန်မာနိုင်ငံတွင် တိုင်းရင်းသား ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာလာစေရန်။
- ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လူတိုင်းလက်လှမ်းမီနိုင်ပြီး အရည်အသွေးပြည့်မီသော လူထု လက်ခံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးရန်။
- စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် တိုင်းရင်းသားနှင့် လူထုအခြေပြုကျန်းမာရေး အဖွဲ့အစည်းများကို အရည်အသွေးမြှင့်တင်သွားရန်။

**အထွေထွေအစည်းအဝေးကြီးအား** ၂၀၂၃ ခုနှစ်၊ ဧပြီလ (၃) ရက်မှ (၆) ရက်နေ့အထိ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းနှင့် လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်း (၁၂) ဖွဲ့မှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ ၊ အကြံပေးအဖွဲ့ဝင်များ ၊ တတ်သိပညာရှင်များနှင့် လုပ်ငန်းစီမံခန့်ခွဲမှုအဖွဲ့များ စုစုပေါင်း (၆၀) ဦးကျော်တက်ရောက်ပြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။ **အထွေထွေအစည်းအဝေးကြီး**၌ ၂၀၂၂ ခုနှစ် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာများ တင်ပြဆွေးနွေး အတည်ပြုခြင်းအပါအဝင် EHSSG ၏ မဟာဗျူဟာလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ် အတည်ပြုခြင်းနှင့် ချမှတ်ထားသောရည်မှန်းချက်များအတိုင်း ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အစီအစဉ်များကိုလည်း ချမှတ်နိုင်ခဲ့သည်။ EHSSG ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုလည်း ပြန်လည်သုံးသပ်ပြီး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်းနှင့် အလုပ်အမှုဆောင်အသစ်များအား ရွေးချယ် တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၇၀) ကျော်ကြာ ဖြစ်ပွားလျှက်ရှိသော ပြည်တွင်းစစ်ကြီးနှင့် ၂၀၂၁ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက် ပိုမိုပြင်းထန်လာသောပဋိပက္ခများကြောင့် လူဦးရေ (၂) သန်းခန့်သော တိုင်းရင်းသား ပြည်သူလူထု တို့သည် အတင်းအဓမ္မပြောင်းရွှေ့ခံရခြင်း၊ ပုန်းအောင်းနေထိုင်ရခြင်း၊ အိုးအိမ်များ မီးရှို့ဖျက်ဆီးခံရခြင်း၊ မိမိတို့နေရပ်နှင့် တိုင်းပြည်မှ စွန့်ခွာထွက်ပြေးနေကြရခြင်းများကို ကြုံတွေ့ခံစားနေရလျက်ရှိပါသည်။ အကျိုးဆက်အနေဖြင့် ပြည်သူလူထု တရပ်လုံး၏ အခြေခံအခွင့်အရေးများနှင့်အတူ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများလည်း ဆုံးရှုံးနေရလျက် ရှိပါသည်။ အဆိုးဝါးဆုံး ခံစားကြရသူများမှာ လက်နက်ကိုင်ပဋိပက္ခပြင်းထန်စွာ ဖြစ်ပွားနေသောဒေသများရှိ ပြည်သူလူထုများ ဖြစ်ကြသည်။

လက်ရှိအခြေအနေတွင် ပဋိပက္ခချုပ်ငြိမ်းစေနိုင်သည့် လမ်းစမမြင်သေးဘဲ ကာလရှည်ကြာဦးမည်ဖြစ်သော ပြည်တွင်းစစ်နှင့်အတူ တိုင်းရင်းသားများအနေဖြင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး ၊ ပဋိပက္ခဖြစ်ပွားသောဒေသနေ ပြည်သူလူထုများ၏ လူမှုဘဝအခြေအနေ တိုးတက်ရေးတို့မှာ အခက်အခဲများစွာရှိနေဦးမည်ဖြစ်သည်။ ထို့အတူ တိုင်းရင်းသားဒေသများအပါအဝင် စစ်ရေးပဋိပက္ခ ပြင်းထန်စွာဖြစ်ပွားနေသည့် ဒေသတို့၌ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် အခြေခံလိုအပ်ချက်များ ပိုမို၍သာ မြင့်မား လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာအစိုးရများ ၊ အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုအကူအညီများကို

တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုတိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများထံသို့ နယ်စပ်ဖြတ်ကျော်၍ တိုက်ရိုက်ထောက်ပံ့ ကူညီဆောင်ရွက်ရမည် ဖြစ်သည်။

မိမိတို့ အဖွဲ့သည် မည်သည့်အာဏာရှင်စနစ်ကိုမဆို လက်ခံသွားမည်မဟုတ်ပါ။ ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးပြုသော၊ လူသားချင်းစာနာထောက်ထားသော အစီအစဉ်များကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု စနစ်နှင့်အညီ တိုင်းရင်းသားကျန်းမာရေးစနစ် တောင့်တင်းခိုင်မာရေးကို ရှေ့ရှုပြီး ပူးပေါင်းဆောင်ရွက်မှုများကို ပင်မရည်မှန်းချက်များအတိုင်း စဉ်ဆက်မပြတ်ဆက်လက်၍ လုပ်ဆောင်သွားမည်ဖြစ်သည်။


ဆက်သွယ်ရန် -

၁) နန်းစနိုး +66 872 020 417

၂) စောသာဝင်း +66 992 528 766